# သတင်းနှင့်
# ကောလဟလများအား
# သိနားလည်မှု

၂၀၁၉ ခုနှစ်၊ ဇွန်လ။

ပီတိအပြုံး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း | ရန်ကုန်၊ မြန်မာ။

# မာတိကာ


***သင်ရိုးညွှန်းတမ်း အသုံးပြုပုံ*** ........ ***2***

***အခန်း (၁)*** ........ ***4***

***သတင်း*** ........ ***4***

**သင်ခန်းစာ (၁) သတင်းနှင့် ကောလဟာလကို ခွဲခြားနားလည်ခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်း** ........ 4

***သတင်းမီဒီယာ ကိုနားလည်ခြင်း*** ........ ***8***

**ဆိုရှယ်မီဒီယာ နှင့် ပင်မမီဒီယာများကို နားလည်ခြင်း** ........ 11

***အခန်း (၂)*** ........ ***15***

***သိမှတ်ဖွယ်ရာ ဥပဒေများ*** ........ ***15***

## သင်ရိုးညွှန်းတမ်း အသုံးပြုပုံ

ယခုသင်ရိုးညွှန်းတမ်းအား သာမန်ပြည်သူများ ဗဟုသုတရစေရန် နှင့် အလွယ်တကူ သတင်းတုများ ၊ ကောလဟလများအား သိနားလည်စေရန် ရည်ရွယ်၍ ပြုစုပါသည်။ သင်ရိုးညွှန်းတမ်း စီစဉ်ထားပုံမှာ အခြေခံမှစ၍ စီစဉ်ထားခြင်းဖြစ်သည်။ သို့သော် သင်ကြားသူ အနေဖြင့် မိမိ သင်တန်းသားများနှင့် ကိုက်ညီသည့် သင်ခန်းစာများကို ရွေးချယ်သင်ကြားနိုင်ပါသည်။ တီထွင်ဖန်တီး သင်ကြားမှုများ ၊ သင်ထောက်ကူများကို အတတ်နိုင်ဆုံး ရိုးရှင်း၍ ပျော်စရာဖြစ်စေရန် ရေးဆွဲထားပါသည်။ သင်တန်းနည်းပြအနေဖြင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ဖန်တီး သင်ကြားမှုမျိုးရှိပါက မှတ်စုပြုထားရန် အလေးအနက်တိုက်တွန်းလိုပါသည်။ အဆိုပါ မှတ်စုများအား စုပေါင်းခြင်းဖြင့် ပိုမိုကောင်းမွန်သည့် သင်ရိုးကို ထပ်မံ အဆင့်မြှင့်နိုင်မည်ဟု ယုံကြည်ပါသည်။

### သင်တန်းခန်းမ အခင်းအကျင်း

စာသင်ခန်းမကဲ့သို့ အတန်းလိုက် စီတန်းခြင်းမျိုးကိုရှောင်ပါ။ တတ်နိုင်သမျှ အုပ်စုငယ်လေးများ ခွဲ၍ ထိုင်ပါစေ။ အုပ်စုများခွဲရာတွင် မတူကွဲပြားသည့် သူများ ပါဝင်စေရန် သတိပြုပေးပါ။ သင်တန်းကာလအတွင်း လွတ်လပ်စွာ ပြောဆိုမှုများကို အားပေးရန် နှင့် သင်ခန်းစာများကို အာရုံစိုက်စေရန် အခြေခံစည်းကမ်းများ ချမှတ်ထားပါ။ ဥပမာ - ဖုန်းပိတ်ထားရန် ၊ သို့မဟုတ် သီးခြား စကားစမြည်ပြောနေမှုများ မပြုလုပ်ပဲ သင်တန်းတွင် အများနှင့် ပါဝင်ရန် စသည်ဖြင့် သင်တန်းသား များ၏ အခြေအနေပေါ်မူတည်၍ သင့်တော်သည့် စည်းကမ်းများ ချမှတ်ပါ။

စည်းကမ်းချမှတ်ရာတွင် သင်တန်းများအား မေးမြန်း၍ အဆိုပြုပါစေ။ သင်တန်းနည်းပြက အာဏာရှင်ဆန်ဆန် တစ်ဖက်သတ်ချမှတ်ခြင်းမျိုးကို တတ်နိုင်သမျှ ရှောင်ကျဉ်ပါ။

### သင်တန်းနည်းပြများ လိုက်နာသင့်သော အချက်များ

၁) မိမိပို့ချမည့် သင်ခန်းစာကို ပိုင်နိုင်အောင် လေ့လာထားသင့်ပါသည်။

၂) သင်တန်းသား/သူများ၏ နောက်ခံအခြေအနေကို တတ်နိုင်သမျှ လေ့လာထားပါ။ သင်တန်းသားများ၏ ဒေသအလိုက် ဓလေ့ထုံးစံများကို သိရှိပါက ၎င်းတို့နှင့် ကိုက်ညီသည့် သင်ရိုးကို လိုအပ်သလို ပြုပြင်ပြောင်းလဲမှုများ လုပ်နိုင်သဖြင့် ပိုမို မှတ်မိနားလည်လွယ်စေပါသည်။

၃) တီထွင်ဖန်တီးမှု ရှိပါစေ။

၄) ပျော်စရာ ပေါ့ပေါ့ပါးပါး အကြောင်းအရာများ ပြောရန် မမေ့ပါနှင့်။

၅) သင်တန်းသား / သူများအား လေးစားမှု ပြပါ။ ယင်းအချက်က အရေးကြီးပါသည်။ အပြန်အလှန်လေးစားမှု ရှိသော ပတ်ဝန်းကျင် အခင်းအကျင်းမျိုး ၊ အပြန်အလှန် နားထောင်သည့် ယဉ်ကျေးမှုမျိုးကို အားပေးပါ။

၆) အချိန်မှန်ပါစေ။ သင်တန်းနည်းပြသည် သင်တန်းအချိန်ထက် အနည်းဆုံး ၁၅ မိနစ်စောရောက်နေရန်နှင့် သင်တန်းအတွက် ပြင်ဆင်မှု ပြုထားရန် အရေးကြီးပါသည်။

၇) အဝတ်အစား အပြင်အဆင် ကိုဂရုစိုက်ပါ။ ယဉ်ကျေးမှုနှင့် ကိုက်ညီသော အဝတ်အစား အပြင်အဆင်မျိုးဖြစ်သင့်သည်။ သင့်တော်စွာ ဝတ်စားထားခြင်းဖြင့် သင်တန်းသားများအား သက်တောင့်သက်သာဖြစ်စေရန်အထောက်အကူပြုသည်။

၈) သင်တန်းသားများ စိတ်သက်တောင့်သက်သာ သင်ခန်းစာများကို အာရုံစိုက်နိုင်ရန် အရေးကြီးသဖြင့် ယင်းအချက်ကို အနှောက်အယှက်ဖြစ်စေမည့် လုပ်ဆောင်ချက် ၊ စကားအသုံးအနှုန်း ၊ တင်ပြပုံတို့ကို သတိထား ရှောင်ကျဉ်သင့်သည်။

၉) နားထောင်တတ်ပါစေ။ မိမိက ရှေ့ဆောင်သင်ပြမှု နှင့် သင်တန်းသားတို့၏ အတွေးအခေါ် ၊ အယူအဆတို့ကို နားထောင်မှုတို့အား ချိန်ညှိလုပ်ဆောင်ပါ။ မိမိကပြောလွန်းခြင်း ၊ သင်တန်းသား တစ်ဦးဦးက လွှမ်းမိုးကာသူချည်းသာ ပြောနေခြင်းမျိုးအား ဟန့်တားပါ။

## အခန်း (၁)

## သတင်း

### သင်ခန်းစာ (၁) သတင်းနှင့် ကောလဟာလကို ခွဲခြားနားလည်ခြင်း ၊ ကိုင်တွယ်ဖြေရှင်းခြင်း

အကြံပြုလိုသည့် သင်တန်းသားအရေအတွက် - (၂၀) ဦး

သင်တန်း ကြာမြင့်ချိန် - ၄၅ မိနစ်

လိုအပ်သည့် သင်ထောက်ကူပစ္စည်း -

၁) သတင်းစာ ၊ ဂျာနယ် အဟောင်း ၊ အသစ် (သင်တန်းသားအရေအတွက်နှင့် ကိုက်ညီအောင် ကြိုတင်ပြင်ဆင်ထားရန်)

၂) ဝှိုက်ဘုတ် ၊ မာကာ သို့မဟုတ် flip-chart

၃) ဗွီဒီယို ပြရန် အဆင်ပြေသည့် အင်တာနက်ရသောနေရာဖြစ်လျှင် အောက်ပါ လင့်ခ်များကို သင့်တော်ရာနေရာများတွင် ထည့်သွင်းပြသရန်။ အဆင်မပြေပါက စာရွက်ဖြင့် ပရင့်ထုတ်၍ဝေရန် ။

- သင်တန်းမစတင်ခင် မိတ်ဆက်ခြင်း (၁၅ မိနစ်)

သင်တန်းမစတင်ခင် မိတ်ဆက်ရာတွင် မိမိ၏ နာမည် သာမက မည်သည့် သတင်းမီဒီယာကို နားထောင်၊ ကြည့်ရှုပါသနည်းဟု ထည့်သွင်းပြောဆိုပါစေ။ သတင်းမီဒီယာ ဟုဆိုရာတွင် ကန့်သတ်ထားခြင်းမပြုပဲ ရုပ်ရှင် ၊ ရေဒီယို ၊ ဒီဗွီဒီ စသဖြင့် ၎င်းတို့ အမှန်တကယ် နေ့စဉ် တွေ့ထိနေသော သတင်းအချက်အလက် စီးဝင်ရာ လမ်းကြောင်းများကို ထည့်သွင်းပြောဆိုပါစေ။

- သတင်းဆိုသည်မှာ အဘယ်နည်း။

သင်တန်းသားများ နားလည်လက်ခံထားသည့် သတင်းဆိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို မေးမြန်းပါ။ ဝှိုက်ဘုတ်တွင်ချရေးပါ။ ပြီးမှ အဖြေကို ရှင်းပြပါ။

**၁) သတင်းဆိုသည်မှာ အဘယ်နည်း။**

သတင်းဆိုသည်မှာ အရှေ့အနောက်တောင်မြောက် အရပ်လေး မျက်နှာတွင် ဖြစ်ပျက်သမျှ ၊ သိသင့်သိထိုက်သော ၊ ပြန်လည်ဖြန့်ဝေရန် ထိုက်တန်သော ၊ အမှတ်အသားပြုထိုက်သော လတ်တလောအဖြစ်အပျက်များဖြစ်သည်။ အချက်အလက်အကြောင်းအရာတိုင်း သတင်းမဖြစ်ပါ။

**၂) သတင်း ဖြစ်စေရန် အောက်ပါအချက်များ ပါဝင်သင့်သည်။**

က) ဘယ်သူလဲ

ခ) ဘာဖြစ်တာလဲ

ဂ) ဘယ်အချိန်ကလဲ

ဃ) ဘယ်နေရာမှာလဲ

င) ဘာ့ကြောင့်လဲ

စ) ဘယ်လိုဖြစ်တာလဲ ဟူ၍ ဘ (၆) လုံးပါဝင်သည်။

သတင်းသမားတိုင်းသည် အဆိုပါ ဘ (၆) လုံးပါဝင်အောင် ထည့်သွင်းရေးသားရသည်။ မပြည့်စုံပါက တစ်စိတ်တစ်ပိုင်း သတင်းသာ ဖြစ်သည်။

**ကောလဟလ ဆိုသည့်စကားကို မည်သို့နားလည်ပါသနည်း။ တွေ့ဖူးကြုံဖူးခဲ့သည့် ကောလဟလ များကို ပြောပါ။ (၃၀) မိနစ်**




***ကောလဟလ*** - ကောလဟလ ဟူသည် အုတ်အုတ်ကျက်ကျက် ဤသို့ဖြစ်တော့မည်ဟု သတင်းစကား တစ်ဦးနှစ်ဦးကစ၍ စုပေါင်းကာ စကားတူ အသံတူ ရုတ်ရုတ်ရက်ရက်ပြောဆိုကြခြင်းမျိုး ကိုဆိုသည်။ ကောလဟလ တွင် အချက် (၃) ချက်ပါဝင်သည်။

၁) နှုတ်ဖြင့်ပြောဆိုခြင်း (ဆိုရှယ်မီဒီယာတွင် တင်ခြင်း)

၂) လူတစ်ယောက် ၊ အဖြစ်အပျက် ၊ အခြေအနေ တစ်ခုအကြောင်း ဖြစ်ခြင်း

၃) နားထောင်သူလူထု ကြားလိုသော စကားဖြစ်ခြင်း ၊

ဗုဒ္ဓဘာသာ အဆုံးအမများတွင် ကောလဟလကို အမှန်တကယ်ဖြစ်လာနိုင်သည့် အဖြစ်အပျက်တစ်ခုအတွက် ကြိုတင် ကျော်စော သတင်း ဟု သင်ကြားပြောဆိုမှုများ ရှိသည်။ အဆိုပါ သင်ကြားမှုကြောင့် ကောလဟလ

တစ်စုံတစ်ခုဖြစ်လာလျှင် အမှန်တကယ် ဖြစ်လာတော့မည် ဟု ယုံကြည်ကြသည်။ သို့သော် ကောလဟာလ အမျိုးအစားများစွာရှိသည်။

၁) **ဖြစ်လိုသော ဆန္ဒကို ထုတ်ဖော်ပြောဆိုရင်း ဖြစ်လာသည့် ကောလဟာလ** - နှစ်စဉ် မတ်လရောက်တိုင်း ကြားရတတ်သည့် ကောလဟာလမှာ ဝန်ထမ်းတွေ လစာတိုးတော့မယ် ဟူ၍ဖြစ်သည်။ ထိုသို့ကောလဟာလ ထွက်ပြီးလျှင် ဖြစ်လာသည့် အကျိုးဆက်မှာ ကုန်ဈေးနှုန်းတက်ခြင်း ဖြစ်သည်။

၂) **ကြောက်ရွံ့မှုကြောင့် ဆင့်ကဲသတင်းပေးရင်း ဖြစ်လာသည့် ကောလဟာလ** - ဖားပြုတ်ကိုက်သည် မှ တရုပ်ရိုက်သည်သို့ .......၊ ကလေး သူခိုး ၊ ဂဝိုးသရဲ စသည့် ကောလဟာများ ပြန့်နှံ့ခဲ့ဖူးသည်။ အမှန်တကယ် ဖြစ်ပွားခဲ့ကြောင်း သက်သေအထောက်အထားများ မတွေ့ရပါ။ သို့သော် လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုခဲ့ကြပြီး ကြောက်ရွံ့စိုးရိမ်မှုများ ဖြစ်ခဲ့သည်။

ဥပမာများ -

ကောလဟာလကြောင့် အိန္ဒိယတွင် လူသေသည်အထိ အကြမ်းဖက်မှု ဖြစ်ပွား

https://www.facebook.com/BBCnewsBurmese/videos/2273025092933344/

မြန်မာပြည်က ကလေးသူခိုး ကောလဟာလ ဖြစ်စဉ် ၊ ပြည်သူများ အလန့်တကြားဖြစ်ခဲ့ကြ ။

https://www.youtube.com/watch?v=I2vdHblZzXs

တောင်နဝင်းဆည် ကျိုးပေါက်ပြီ ဆိုသည့် သတင်းများကြောင်း လူထုများ အလန့်တကြား ထွက်ပြေးကြသည်အထိ ဖြစ်ခဲ့ကြ။ (ဖေဖော်ဝါရီ ၈ ၊ ၂၀၁၉)

https://www.youtube.com/watch?v=KWdc0JRHK98

*7Day TV*

*Published on Feb 8, 2019*

*ဖေဖော်ဝါရီ - ၈ ၊၂၀၁၉*

*ပဲခူးတိုင်း ၊ခေါင်းမြို့နယ် မှာရှိတဲ့ တောင်နဝင်းဆည် ကျိုးကျ တယ်ဆိုတဲ့ ကောလဟာလ ကြောင့် ဒေသခံတွေဟာ ဒီကနေ့မနက်ပိုင်းက ထိတ်ထိတ်လန့်လန့်ဖြစ်ခဲ့ရပါတယ်။*

*ဒီကနေ့ မနက်ပိုင်း ကိုးနာရီခွဲလောက်က တောင်နဝင်းဆည်ကျိုးပြီးရေများဝင်လာနေပြီ ဆိုတဲ့ ကောလဟာလ ကြောင့် ဆည်အောက်ပိုင်းမှာနေထိုင်သူတွေ စိုးရိမ်ထိတ်လန့်ကာ ပြေးလွှား ခဲ့ရတယ်လို့ ဒေသခံတွေဆီကသိရပါတယ်။*

*ဒီကောလဟာလကြောင့် ဆည်ကိုလာရောက်ကြည့်ရှုသူတွေ များပြားခဲ့ပြီး ဆည်ကျိုး တယ်ဆိုတာမှားယွင်း တယ်လို့ ပြောကြပါတယ်။*

*ပြည် ခရိုင် ဆည်မြောင်းဦး ဦးစီးဌာနကလည်း ဆည် ကန်ဘောင်ရဲ့ပြောင်းလဲ မှု အခြေအနေကို အမြဲတမ်း စောင့်ကြပ် ကြည့်ရှုနေတာဖြစ်ပြီး ဆည်ကျိုး တယ်ဆိုတာလည်းမဟုတ်ကြောင်း ခရိုင် ဆည်မြောင်းဦးစီးဌာနမှူး ဦးဇော်ဦးက ပြောပါတယ်။*

*ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းကတော့ တောင်နဝင်းဆည် ကန်ဘောင်ဟာ အက်ကြောင်း အနည်းငယ် ဖြစ်ပွားတာနဲ့ တာတမံ နိမ့်ကျတာမျိုးရှိခဲ့ပေမယ့် ပြုပြင်ထိန်းသိမ်းမှုတွေ ပြုလုပ်ခဲ့တယ်လို့သိရပါတယ်။*

*ဒါအပြင် ဆည်နဲ့ပတ်သတ်တဲ့ ကောလဟာလတွေကို ချေဖျက် နိုင်ဖို့အတွက် ဒေသတွင်းကျေးရွာတွေကို ကွင်းဆင်းကာ ရှင်းပြခဲ့ရ တယ်လို့ ပေါက်ခေါင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က ဆိုပါတယ်။*

*ဒီကနေ့မနက်ပိုင်းက ဆည်ကျိုးပြီဆိုပြီး ကောလာဟလလွှင့်တဲ့သူတွေကို စုံးစမ်း နေပြီး အများပြည်သူအထိတ်တလန့်ဖြစ်ခဲ့တဲ့အတွက် ထိထိရောက်ရောက် အရေးယူဖို့စီစဉ်နေတာကို ပေါက်ခေါင်းမြို့နယ် အုပ်ချုပ်ရေးမှူးဆီက သိရပါတယ်။*

*သတင်းထောက် - ဇော်မင်းထိုက်*

၃) **တစ်စုံတစ်ခုဖြစ်လာစေရန် ကြံရွယ်၍ ဖြန့်သည့် ကောလဟာလ** - နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှုရေးအရ တည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်၍ ဖြန့်သော ကောလဟာလ

*7Day TV*

*Published on Sep 11, 2017*

*ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက လူမှုကွန်ရက်စာမျက်နှာတွေမှာ ပြန့်နှံ့နေတဲ့ ကောလဟာလတွေကြောင့် ဒီကနေ့မှာတော့ ရန်ကုန်မြို့တွင်းက လမ်းတွေမှာ ကားတွေရှင်းနေပါတယ်။ အရင်က သိသိသာသာကားကျပ်တတ်တဲ့ လှည်းတန်းမီးပွိုင့်၊ အဒေါင်မီးပွိုင့်လို နေရာမျိုးတွေမှာ လည်း ဒီကနေ့ နေလည်ပိုင်းက သိသိသာသာ ကားရှင်းနေပါတယ်။*

*ပြီးခဲ့တဲ့ ရက်ပိုင်းက လူမှုကွန်ရက်စာမျက်နှာတွေမှာ ဒီကနေ့ စက်တင်ဘာလ ၁၁ ရက်မှာ ရန်ကုန်တိုင်းအတွင်း က မြို့နယ်အချို့မှာ အကြမ်းဖက်မှု တွေဖြစ်လာနိုင်တယ်ဆိုပြီး သတင်းအမှားတွေနဲ့ ဖြန့်ဝေတာတွေ ရှိခဲ့ပါတယ်။ အဲဒီလို သတင်းအမှားတွေကြောင့် စိုးရိမ်မှုတွေရှိနေပြီး ဒီကနေ့မှာတော့ အပြင်ထွက်တဲ့သူနည်းတာကြောင့် ရန်ကုန်မြို့တွင်း*

*သိသိသာသာ ကားရှင်းနေတယ်လို့ မြို့တွင်းပတ်မောင်းနေတဲ့ အငှားယာဉ်မောင်းအချို့က ဆိုကြပါတယ်။*

*အဲဒီလို မဟုတ်မမှန် သတင်းတွေ ၊ ကောလဟာလ ဖြန့်ဝေတဲ့သူတွေကို အရေးယူမယ်လို့ အစိုးရရဲ့ သတင်းထုတ်ပြန်ရေးကော်မတီက ထုတ်ပြန်ထားပါတယ်။*

*ရုပ်သံသတင်းထောက် - အလှလေး*

**ကောလဟာလက ဘာ့ကြောင့် ပျံ့နှံ့တာ မြန်သလဲ။**

အကြောက်တရား ကြောင့်ပါ။ လူတွေရဲ့ ကြောက်ရွံ့စိုးရိမ်စိတ်ကြီးလေလေ သတင်းပျံ့နှံ့မှုနှုန်း မြန်လေလေပါပဲ။ အကြောက်တရားဟာ ကောလဟာလ ကိုကြီးထွားစေတဲ့ စက်ရုံကြီးလို့ ဆိုရိုးစကား ရှိပါတယ်။

**ကောလဟာလနှင့် သတင်းကွာခြားချက်ကို သေချာစွာ နားလည်မှု ရှိမရှိ မေးခွန်းများမေးပါ။**

ကောလဟာလ၏ သက်ရောက်မှုများအား အဖွဲ့လိုက် ချရေးခိုင်းပါ။ မည်သို့တုန့်ပြန်သင့်ကြောင်း ဆွေးနွေးပါစေ။

**ကောလဟာလသည် သတင်းမဟုတ်ပါ။ ကောလဟာလ တစ်ခုဖြစ်လာပြီဆိုပါက လုပ်ဆောင်ရန် (၆) နည်းရှိပါသည်။**

၁) ချက်ခြင်း မယုံပါနဲ့။

၂) တစ်ဆင့်မဖြန့်ပါနဲ့။

၃) ကောလဟာလ ရင်းမြစ်ကို တိုက်ရိုက်မေးမြန်းပါ။ မေးမြန်းရာတွင် အထက်တွင်ဖော်ပြခဲ့သည့် ဘ (၆) လုံးကို အသုံးပြုပါ။

၄) သက်ဆိုင်ရာ အစိုးရ ဌာန သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဦးအား ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ရန် စီစဉ်ထားရှိပေးခြင်း။ ဆက်သွယ်မေးမြန်းခြင်း။

၅) သက်ဆိုင်ရာ အစိုးရ ဌာန သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဦးမှ မှားယွင်းကြောင်း လျှင်မြန်စွာ ထုတ်ပြန်ကြေညာပေးခြင်း။

၆) သတင်းမီဒီယာများက အဖြစ်မှန်ကို အများပြည်သူအား အသိပေးခြင်း။

သင်တန်း ကြာမြင့်ချိန် - ၄၅ မိနစ်

လိုအပ်သည့် သင်ထောက်ကူပစ္စည်း -

၁) သတင်းစာ ၊ ဂျာနယ် အဟောင်း ၊ အသစ် (သင်တန်းသားအရေအတွက်နှင့် ကိုက်ညီအောင် ကြိုတင်ပြင်ဆင်ထားရန်)

၂) ဝှိုက်ဘုတ် ၊ မာကာ သို့မဟုတ် flip-chart

**စာနယ်ဇင်းကျင့်ဝတ် မိတ်ဆက် (၁၀) မိနစ်**

မီဒီယာတိုက်အလိုက် သီးခြား လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားလေ့ရှိသည်။ အမျိုးမျိုးကွဲပြားနိုင်သော်လည်း မပါမဖြစ် စည်းမျဉ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- စာနယ်ဇင်းများသည် တမင်ကြံရွယ်တွက်ဆလျှက် ဘာသာရေး၊ လူမျိုးရေး မုန်းတီးမှုများကို လှုံ့ဆော်ခြင်း မပြုရ၊
- ဇာတိကိုသော်လည်းကောင်း ၊ကိုးကွယ်ရာ ဘာသာကိုလည်းကောင်း ၊လူမျိုးကိုသော်လည်းကောင်း အကြောင်းပြု၍ မတရားဝေဖန်ရေးသားခြင်းမပြုရ
- သတင်းသမားသည် ကိုယ်နှင့်မတူ ကိုယ့်ရန်သူဟူသော အစွန်းရောက်သည့်နိမ့်ပါးသည့်စိတ် မထားရ။
- သတင်းသမားသည် စိတ်ဖြူရမည်။ တည်ငြိမ်ရမည် သတိရှိရမည်။
- သတင်းပညာကို ပိုင်နိုင်ကျွမ်းကျင် ၊ လေးစားလိုက်နာရမည်။
- အများအတွက် အကျိုးရှိပြီး တရားမျှတမှု ၊သာတူညီမျှ ရှိမှု၊ စိတ်နှလုံးကောင်းမှုဖြင့် သတင်းများရေးသားရမည်။

**၅ယောက် တစ်အုပ်စုဖွဲ့၍ အောက်ပါမေးခွန်းများကို ဆွေးနွေးပါစေ။ (၂၀ မိနစ်)**

သတင်းမီဒီယာသမားသည် ဘက်လိုက်သင့်သလား။ ဘက်လိုက်သည့် ဥပမာများကို ရှိပါက ဖော်ပြပါ။ (သို့မဟုတ်) သတင်းစာ ဖြတ်ပိုင်းများ ပေး၍ သတင်းတစ်ခုကို ရွေးချယ်၍ ဆွေးနွေးခိုင်းပါ။

ဆွေးနွေးရာတွင် အောက်ပါအချက်များကို သတိပြုပါစေ။

၁) သတင်းခေါင်းစဉ် နှင့် သတင်းအကြောင်းအရာ ကိုက်ညီသလား။

၂) သတင်းရင်းမြစ် - သတင်းကို ဘယ်ကရတာလဲ။ ဘယ်သူတွေကို မေးမြန်းအတည်ပြုထားသလဲ။ ဘယ်နှယောက်ကို မေးမြန်းထားခြင်း ရှိသလဲ။

၃) သတင်းရင်းမြစ်အဖြစ် သုံးထားသူများသည် သတင်းအကြောင်းအရာနှင့် သက်ဆိုင်သူများဖြစ်သလား။ ကောင်းစွာ သိသူများဖြစ်သလား သို့မဟုတ် အိမ်ပြည့်ရုံသက်သက်ထည့်ထားတာလား။

၄) သတင်းရင်းမြစ်အဖြစ် သုံးထားသူများသည် သတင်းအကြောင်းအရာကို ပညာရပ်ဆိုင်ရာ ၊ ဥပဒေဆိုင်ရာ ၊ လူမှုရေးဆိုင်ရာ ရှုထောင့်တို့မှ သုံးသပ်ပြောဆိုနိုင်သူများဖြစ်သလား။

၅) အမျိုးသမီး ၊ အမျိုးသား အသံ ဘယ်နှခုပါသလဲ။

၆) သတင်းသမားသည် မည်သည့်ဘက်ကို ဇောင်းပေးထားသည်ဟုထင်သနည်း။

**သတင်းအမှီအခို ကင်းခြင်းနှင့် ဘက်လိုက်ခြင်း - ၁၅ မိနစ်**

သတင်းဌာန ၊ သတင်းသမားများသည် အစိုးရ ၊ စီးပွားရေးလုပ်ငန်း ကော်ပိုရေးရှင်းကြီးများ နှင့် အုပ်စုတစ်စု၏ အကျိုးစီးပွားအတွက် ရပ်တည် ရေးသား ထုတ်ဝေနေသည်ဆိုလျှင် အမှီအခို မကင်း ဟုသတ်မှတ်သည်။

သတင်းသမားသည် သတင်းတစ်ရပ်ကို ရေးသားရာ၌ တစ်စုံတစ်ဦးကို သာစေ ၊ နစ်နာစေ ၊ အထင်အမြင်လွဲစေနိုင်သည့် ဖော်ပြရေးသားမှုမျိုး - ဥပမာ အဆိုပါ သတင်းအကြောင်းအရာကို ထောက်ခံသူများချည်းသာ အင်တာဗျူးထားခြင်း သို့မဟုတ် ကန့်ကွက်သူများချည်းသာ အင်တာဗျူးထားခြင်း ။ သို့မဟုတ် တစ်ဘက်ဘက်က ပြောဆိုချက်များကို အဆိုးဘက်ကောက်ယူနိုင်သော (သို့မဟုတ်) အကောင်းဘက်ကောက်ယူနိုင်သော တင်ပြမှုမျိုးဖြစ်အောင် ဖန်တီးထားခြင်းမျိုးဖြစ်သည်။ ယင်းသို့ ဖော်ပြမှုမျိုးကို သတင်းဆောင်းပါးများတွင် တွေ့ရသည့်အတွက် သတင်းဆောင်းပါးများကို ရွေးချယ်၍ ဆွေးနွေးပါစေ။

*ယခင်ရွေးချယ်ထားသည့် သတင်းဆောင်းပါးကို ဘက်လိုက်ခြင်း ရှုထောင့်မှ ပြန်လည်သုံးသပ်ပါစေ။*

ပြန်လည်တင်ပြခြင်း - ၁၅ မိနစ် (အုပ်စုတစ်စုလျှင် ၃ မိနစ်ခန့်သာပေးရန်)

**သတင်းသမားသည် မည်သူ့ဘက်လိုက်မလဲ။**

သတင်းသမားသည် ပြည်သူများ၏ ဘက်ကိုလိုက်ရမည်။ ပြည်သူများ၏ သတင်းသိပိုင်ခွင့် ဘက်ကို လိုက်ရမည်။ တစ်ဖက်ဖက်ကို ထိန်ချန်ထားခြင်း ၊ အသားပေးထားခြင်းများသည် ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်နှင့် လွတ်လပ်စွာ စဉ်းစားတွေးခေါ်ယူဆခွင့်ကို ကန့်သတ်ခြင်းသာဖြစ်သည့်အတွက် စာနယ်ဇင်းကျင့်ဝတ်ကို ဖောက်ဖျက်ခြင်း မည်သည်။

**ဆွေးနွေးချက်များအား ပြန်လည်သုံးသပ်တင်ပြခြင်း နှင့် မှတ်သားသင့်သည့်အချက်များကို ထပ်မံ ပြောပြပေးခြင်း (၅ မိနစ်)**

## ဆိုရှယ်မီဒီယာ နှင့် ပင်မမီဒီယာများကို နားလည်ခြင်း

သင်တန်း ကြာမြင့်ချိန် - ၄၅ မိနစ်

လိုအပ်သည့် သင်ထောက်ကူပစ္စည်း -

- ဖေ့ဘုတ်အကောင့်ဖွင့်ထားသည့် ဖုန်းများ
- အင်တာနက်
- ဝှိုက်ဘုတ် ၊ မာကာ သို့မဟုတ် flip-chart

ဤသင်ခန်းစာသည် ဆိုရှယ်မီဒီယာ အသုံးပြုသူများကို ရည်ရွယ်ခြင်းဖြစ်သည့်အတွက် ဖေ့ဘုတ်အသုံးပြုသူများ ပါဝင်ရန် အရေးကြီးပါသည်။ အကယ်၍ သင်တန်းသားများတွင် ဖေ့ဘုတ် တိုက်ရိုက် အသုံးပြုသူများ နှင့် တစ်ဆင့်ခံအသုံးပြုသူများ ပါဝင်ပါက ယှဉ်တွဲနေရာချထားပေးရန် လိုပါသည်။

**သတင်းမှား ၊ သတင်းအလွဲ နှင့် သတင်း တုများ**

၅ ယောက်တစ်အုပ်စုဖွဲ့ပါ။ အုပ်စုတစ်စုလျှင် အောက်ပါတို့ကိုဆွေးနွေးပါစေ။ (၁၅ မိနစ်)

- သတင်းမှား ၊ အလွဲ ၊ အတုများကို မြင်ဖူးပါသလား။ ကြုံဖူးပါသလား။ ဘယ်အချိန်ကကြုံဖူးတာလဲ ၊ ဘယ်လိုသတင်းမျိုးလဲ။
- တစ်တန်းလုံးသို့ ပြန်လည်တင်ပြရန် (၁၅) မိနစ်
- သင်တန်းနည်းပြမှ ပြန်လည်ဆွေးနွေးပေးရန် အချက်များ -

သတင်းဟု ခေါင်းစဉ်တပ်ထားသည့်အတွက် တရားဝင် သတင်းမီဒီယာ သို့မဟုတ် အများပြည်သူက မီဒီယာဟု လက်ခံထားသည့် ကြားခံ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုခုကို အသုံးပြု၍ ထုတ်လွှင့်ခြင်းဖြစ်သည်။ ရေးသားပုံ အမျိုးအစား များစွာရှိသော်လည်း အဓိက ရည်ရွယ်သည့်အချက်မှာ သတင်းလက်ခံသူထံသို့ လွဲမှားသည့် သတင်းအချက်အလက် ရောက်ရှိသွားစေရန် ဖြစ်သည်။ ပိုမိုဆိုးရွားသည့်အခြေအနေများတွင် လူထုအတွင်း အထင်အမြင်လွဲမှားမှုများ ၊ ရန်လိုမုန်းတီးမှုများ ဖြစ်စေသည်။

သတင်းမှားကို တရားဝင် သတင်းမီဒီယာများတွင် တွေ့ရမှုနည်းပါးပြီး ၊ ဆိုရှယ်မီဒီယာ များတွင် သတင်းပေ့ချ်များ ၊ ဆယ်လီများက ထုတ်လေ့ရှိသည်။ ပျော်စေ ပျက်စေ သတင်းမှားများမှသည် လူတစ်ဦးတစ်ယောက် ၊ အဖွဲ့အစည်းတစ်ခုကို အများနားလည်မှု လွဲမှားစေရန် ရည်ရွယ်၍ ရေးသားမှုများဖြစ်သည်။ တရားဝင် သတင်းမီဒီယာ

နှင့် ဆယ်လီသတင်းပေ့ချ်များ၏ ကွာခြားချက်မှာ တာဝန်ယူမှု ၊ တာဝန်ခံမှုဖြစ်သည်။ တရားဝင် သတင်းမီဒီယာသည် သတင်းမှားယွင်းပါက ပြန်လည်တောင်းပန်ခြင်း ၊ ဖြေရှင်းခြင်း ပြုရသည်။ တရားစွဲဆိုခံရနိုင်သည်။ မီဒီယာကောင်စီသို့ တိုင်ကြားနိုင်သည်။ သို့သော် တရားမဝင် ဆယ်လီသတင်းပေ့ချ်များကမူ မည်သို့မျှ တုန့်ပြန်လိမ့်မည် မဟုတ်ပါ။




သတင်း မှား၊ အလွဲများကို ဖော်ပြသည့် နည်းလမ်းမျိုးစုံရှိသည်။ ၎င်းတို့မှာ -

၁) သရော်စာ သဖွယ်ဖော်ပြခြင်း - အပျော်အပျက်သဘောထားဖြင့် ရေးသားထားသည် ဆိုသော အချို့သော သရော်စာများတွင် အကြောင်းအရာနှင့် မရင်းနှီးသည့် စာဖတ်သူအနေဖြင့် အတည်ထင်သွားမှုမျိုးရှိသည်။

၂) ခေါင်းစဉ် နှင့်အကြောင်းအရာ ၊ သတင်းဓါတ်ပုံတို့ ကိုက်ညီမှုမရှိခြင်း သို့မဟုတ် ယူဆချက်လွဲစေသည့် အရေးအသားမျိုး ဖြစ်နေခြင်း သို့မဟုတ် မသက်ဆိုင်သည့် အကြောင်းအရာနှစ်ခုကို ဆက်စပ်သယောင် ဆွဲချိတ်၍ စာဖတ်သူအား အထင်အမြင်မှားစေခြင်း။

၃) သတင်းကို ပုံဖျက်ရေးသားခြင်း။ အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို အသုံးချ၍ သတင်းမှားတင်ခြင်း။

၄) အယောင်ဆောင်ခြင်း - သတင်းပေ့ချ်တစ်ခု သို့မဟုတ် ကုမ္ပဏီတစ်ခု၏ တရားဝင်ထုတ်ပြန်ချက်သဖွယ် အတုအယောင်ထုတ်ပြန်ခြင်း။

၅) အမှန်တကယ် မဟုတ်သည့် အကြောင်းအရာကို တင်ပြခြင်း။

**အွန်လိုင်း နှင့် ပင်မသတင်းစာများမှ သတင်းတွေကို ဘယ်လိုစိစစ်မလဲ**

**အောက်ပါ ပိုစတာကို ပရင့်ထုတ်၍ သင်တန်းသားများကို မျှဝေပါ။ လက်တွေ့အသုံးချခိုင်းပါ။ (၁၅) မိနစ်**

**လက်တွေ့အသုံးဝင်မှု ရှိမရှိ အကြံပြုချက်များ ပေးရန် အချိန်ပေးပါ။**




ကိုးကား - Myanmar ICT for Development Organisation (MIDO)

**သတင်းတု ၊ သတင်းမှားများအတွက် အသုံးဝင်သော ကိုးကားရင်းမြစ်များ**

(က) ဓါတ်ပုံများကို စစ်ဆေးရန်

Google reverse image search - မည်သည့်ဝဘ်ဆိုဒ် ၊ သတင်းပေ့ချ်များတွင် မည်သည့်အချိန်က ဘယ်နှစ်ကြိမ် လွှင့်တင်ထားကြောင်း စစ်ဆေးနိုင်သည်။

Tineye - ပြုပြင်ထားခြင်း ရှိမရှိ စစ်ဆေးနိုင် သည်။

(ခ)  ယူကျူ့ဗွီဒီယိုများကို စစ်ဆေးကြည့်နိုင်ရန်

https://citizenevidence.amnestyusa.org/

(ဂ) မည်သည့် ဗွီဒီယို မဆို စစ်ဆေးကြည့်နိုင်ရန်

https://www.wolframalpha.com/

(ဃ) သတင်းတုများကို စိစစ်ပေးသော မြန်မာပေ့ချ်များ

**ဟုတ်တယ် Vs မဟုတ်ဘူး**

https://www.facebook.com/realornot.mm/

**တွေးပြီးမှ ယုံ (Think B4 you trust)**

https://www.facebook.com/ThinkBeforeYouTrust/

www.thinkbeforeyoutrust.com

နည်းပညာ အခက်အခဲ ရှိနိုင်သည့်အတွက် တစ်ခုခြင်းကို အချိန်ပေး ရှင်းပြရန် လိုအပ်နိုင်သည့်အတွက် သတ်မှတ်အချိန် (၄၅ ) မိနစ်ထက် ပိုမို သွားနိုင်သဖြင့် မိမိသင်တန်းသားများ၏ ဒစ်ဂျစ်တယ် တတ်မြောက်နားလည်မှုပေါ်မူတည်၍ ကြိုတင်ပြင်ဆင်ရန်လိုအပ်ပါလိမ့်မည်။

## အခန်း (၂)

## သိမှတ်ဖွယ်ရာ ဥပဒေများ

ဤသင်ရိုးညွှန်းတမ်းသည် အများပြည်သူလူထုကို ရည်ရွယ်သည့်အတွက် အများပြည်သူနှင့် တိုက်ရိုက်သက်ဆိုင်နိုင်သည့် ဥပဒေများကို စုဆောင်းတင်ပြပါသည်။

မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများ၏ အခြေခံအုတ်မြစ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပါသည်။ အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံသားတို့၏ အခွင့်အရေးများကို အသိအမှတ်ပြု၊ အကာအကွယ်ပေးထားသည်။

### ဖွဲ့စည်းပုံ အခြေခံဥပဒေ

အခန်း (၈) နိုင်ငံ သားများ၏ မူလတာဝန် နှင့် အခွင့်အရေးများ၊

ပုဒ်မ ၃၅၄ ။ ။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး ၊ တရားဥပဒေစိုးမိုးရေး ၊ ရပ်ရွာအေး ချမ်း သာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသောဥဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကိုလွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

**(က)** မိမိ၏ယုံကြည်ချက် ၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ၊ ရေးသားဖြန့်ဝေခွင့်

**(ခ)** လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့် ၊ စီတန်းလှည့်လည်ခွင့်

**(ဂ)** အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများဖွဲ့စည်းဆောင်ရွက်ခွင့်

**(ဃ)** တိုင်းရင်းသားလူမျိုးတစ်မျိုး နှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုသော်လည်း

ကောင်း ၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား ၊ စာပေ ၊ ယဉ်ကျေးမှုကိုးကွယ်သည့်ဘာသာသာသနာ နှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်။

ပုဒ်မ ၃၆၅ ။ ။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်နိုးထားရှိသော စာပေ ၊ ယဉ်ကျေးမှု ၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကျဉ်ရမည်။ထို့ပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားလူမျိုးတစ်မျိုးမျိုးကိုဖြစ်စေ ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများအချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

**အသရေဖျက်မှု ဥပဒေများ**

လက်ရှိ ဆိုရှယ်မီဒီယာ နှင့် ပင်မ မီဒီယာတို့တွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ၊ တစ်စုတစ်ဖွဲ့အား သိက္ခာညှိုးနွမ်းစေရန် ရေးသားဖော်ပြပါက အောက်ပါ ဥပဒေများနှင့် အရေးယူ အပြစ်ပေးနိုင်သည်။

***သတင်းမီဒီယာတွင် ရေးသားဖော်ပြမှုများအတွက်***

သတင်းမီဒီယာတွင် တာဝန်ခံမှု ၊ တာဝန်ယူမှု ရှိရသည်။ သတင်းမီဒီယာ တစ်ခုခု၏ ရေးသားမှုကြောင့် တစ်စုံတစ်ရာ နစ်နာမှုရှိခဲ့သည့် ရှိသော် **သတင်းမီဒီယာ ဥပဒေ ၊ အခန်း (၈)** အရ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၂၁ ။ ။ နစ်နာသောဌာန ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပုဒ်မ ၉ တွင်ပြဋ္ဌာန်းထားသည့်တာဝန်နှင့်ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းယူဆလျှင် ***ရှေးဦးစွာကောင်စီသို့တိုင်ကြားနိုင်***သည်။

ပုဒ်မ ၂၃ ။ ။ ပုဒ်မ ၂၂ အရ ***ကောင်စီ၏ရှေ့မှောက်တွင် ညှိနှိုင်းဖြေရှင်းရာတွင်ပြေလည်မှုမရှိပါကတိုင်ကြားသူ သို့မဟုတ် ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာ တရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်*** သည်။

ပုဒ်မ ၂၄ ။ ။ ပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အများပြည်သူ သိခွင့်ရှိသောသတင်းအချက်အလက်များကို တောင်းယူကြည့်ရှုရာတွင် ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း သို့မဟုတ် သတင်းယူသူအား နှောင့်ယှက် ခြင်းတို့မဖြစ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူက စီစဉ်ဆောင်ရွက်ပေးရမည်။

***ပုံနှိပ်ဖြန့်ဝေမှုများအတွက်***

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)

၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် အောက်ပါအတိုင်း ထည့်သွင်းထားသည်။

အခန်း (၄)

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန်စည်းကမ်း

ပုဒ်မ ၈ ။ ။ ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သောထုတ်ဝေစာများကို ထုတ်ဝေခြင်းမပြုရ။

က။ တိုင်းရင်းသားလူမျိုးအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊

ခ။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု ၊ လွတ်လပ်မှု ၊ တရားမျှတမှု ၊ အခွင့်အရေးတို့ကိုသော်လည်း ကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကိုဖော်ပြခြင်း။

ဂ။ ညစ်ညမ်းစာများကိုဖော်ပြခြင်း၊

ဃ။ ရာဇဝတ်မှု ၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့်မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း။

ပုဒ်မ ၂၀။ ။ မည်သူမဆို အထက်ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း သက်ဆိုင်ရာ တရားရုံးက ပြစ်မှု ထင်ရှား စီရင်ခြင်း ခံရလျှင် ***ထိုသူကို ငွေဒဏ် ကျပ် သိန်း တစ်ဆယ်မှ ကျပ်သိန်းသုံးဆယ်အထိ ချမှတ်***ရမည်။

***ဆိုရှယ်မီဒီယာတွင် ရေးသားဖော်ပြမှုများအတွက်***

**ဆက်သွယ်ရေးဥပဒေ (၂၀၁၇)**

ပုဒ်မ ၆၆ ။ ။ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ***ထိုသူအားသုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်***ရ မည်။

အသေရေဖျက်ခြင်း၊ နှောက်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း

ပုဒ်မ ၆၈ ။ ။ မည်သူမဆိုအောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ***ထိုသူအားတစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ*** ချမှတ်ရ မည်။

(က) မမှန်ကန်သောသတင်းအချက်အလက်ကိုမရိုးဖြောင့်သောသဘောဖြင့်ဆက် သွယ်ခြင်း ၊ ဖမ်းယူခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်း

**အီလက်ထရောနစ် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ (၂၀၁၄)**

ပုဒ်မ-၃၃။ မည်သူမဆိုအီလက်ထရောနစ်ဆက်သွယ်ရေး၊ နည်းပညာကို အသုံးပြုရာတွင်အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်းပြစ်မှုထင်ရှားခြင်းခံရလျှင်***ထိုသူအားထောင်ဒဏ်အနည်းဆုံး ၅ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင်ငွေဒဏ်လည်းချမှတ်နိုင်သည်***။

က။ နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်နယ်မြေအေးချမ်းသာယာရေး၊တိုင်းရင်း သားစည်းလုံးညီညွတ်ရေး နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

ခ။ နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သောသတင်းအချက်အလက်တစ်ရပ်ရပ်ကိုရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

ပုဒ်မ-၃၄။ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံ ရလျှင် ***ထိုသူအားငွေဒဏ် ကျပ်သိန်း ငါးဆယ်မှ ကျပ်သိန်းတစ်ရာအထိ ချမှတ်ရမည်။ ငွေဒဏ် မဆောင်နိုင်ပါက ထောင်ဒဏ်အနည်းဆုံး တစ်နှစ် မှ အများဆုံး သုံးနှစ်အထိချမှတ်***ရမည်။

က။ အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက်သတင်းလွှာသို့မဟုတ် ကွန်ပျူတာပရိုဂရမ်တစ်ခုလုံးကိုဖြစ်စေ၊ပရိုဂရမ်တစ်စိတ်တစ်ဒေသကိုဖြစ်စေ မရိုးဖြောင့်သောသဘောဖြင့်ပေးပို့ခြင်း၊နှောင့်ယှက်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်း။

ခ။ မူလဆောင်ရွက်ပေးပို့သူနှင့်လက်ခံသူတို့၏ခွင့်ပြုချက်မရှိဘဲကွန်ပျူတာကွန်ရက်အတွင်း ဆက်သွယ်မှုတစ်ခုခုကိုကြားဖြတ်ခြင်း၊ ဆက်သွယ်မှုတစ်ခုခုတွင်ပါဝင်သည့်အချက်တစ်ရပ်ရပ်ကိုအသုံးပြုခြင်း သို့မဟုတ် အခြားသူတစ်ဦးဦးသို့ထုတ်ဖော်ခြင်း။

ဂ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ခွင့်ပြုချက်သို့မဟုတ်သဘောတူညီချက်မရှိဘဲထိုသူ၏လုံခြုံမှု အဆင့်ထားရှိသော အမှတ် ၊ စကားဝှက် သို့မဟုတ် အီလက်ထရောနစ် ထိုးမြဲလက်မှတ်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေဆက်သွယ်အသုံးပြုခြင်း။

ဃ။ အဖွဲ့အစည်းတစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုထိခိုက်နစ်နာစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာ ကျဆင်းစေရန်ဖြစ်စေ၊ သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့်ပြုလုပ်ခြင်း၊ ပြုပြင်ခြင်းသို့မ

ဟုတ်ပြောင်းလဲခြင်း၊ထိုသို့ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်ထားသည့် အချက်အလက်ကို ဖြန့်ချိခြင်း။

ပုဒ်မ-၃၅။ မည်သည့်သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ၊ ယင်း၏အရာရှိ သို့မဟုတ် ဝန်ထမ်း မဆို ကြီးကြပ်မှုအဖွဲ့က ထုတ်ပြန်သောအမိန့်ပါတားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ပိုင်ခွင့်ရှိသူ၊ ယင်း၏အရာ ရှိ သို့မဟုတ် ဝန်ထမ်းမဆို ကြီးကြပ်မှုအဖွဲ့က ထုတ်ပြန်သောအမိန့်ပါ ***တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူး လွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ထိုသူအားထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ*** ချမှတ်ရမည်။

### ဃ။ နိုင်ငံသားတို့၏ လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်နှင့်လုံခြုံရေးဥပဒေ (၂၀၁၇)

ပုဒ်မ ၈ ။ ။ မည်သူမျှ တည်ဆဲဥပဒေနှင့် အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတရာ မရှိဘဲ ဖြစ်စေ၊ နိုင်ငံတော် သမ္မတ သို့မဟုတ် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက် မရှိဘဲ ဖြစ်စေ -

(စ) ***နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ ၊ မိသားစုရေးရာ ကိစ္စများတွင် အဓမ္မ ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ ဂုဏ်သိက္ခာ နှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုရ။***

ပုဒ်မ ၁၀။ ။ အဆိုပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး **ထောင်ဒဏ် ခြောက်လမှ အများဆုံး သုံးနှစ်အထိ** ထောင်ဒဏ်ချမှတ်ရမည့် အပြင် **အနည်းဆုံး ငွေဒဏ် ကျပ်သုံးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ** ငွေဒဏ် ချမှတ်နိုင်သည်။

### တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေ (၂၀၁၃)

တရားရုံးတွင် ရင်ဆိုင်နေရသည့် အမှုတစ်စုံတစ်ရာအတွက် ဝေဖန်အကြံပြုခြင်း ၊ ဆွေးနွေးခြင်းများ အွန်လိုင်းနှင့် ပြင်ပ မီဒီယာများတွင် လုပ်လေ့လုပ်ထ ရှိကြပါသည်။ ထိုသို့ တက်ကြွသူများအနေဖြင့် အောက်ပါ ဥပဒေ ပုဒ်မကို သတိပြုရန် လိုအပ်သည်။

ပုဒ်မ ၂ (ဃ) ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုဆိုသည်မှာ အောက်ပါအပြုအမူတစ်ခုခုအတွက်အကြောင်းအ ရာတစ်ရပ်ရပ်ကိုဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြား တစ်နည်းနည်းနှင့်ဖြစ်စေ၊ တမင်ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ်ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ်ဖြန့်ချိခြင်းကိုဆိုသည်။

*(၁)        တရားရုံး၏ဥပဒေအရအပ်နှင်းထားသောအခွင့်အာဏာကိုသေးသိမ်စေခြင်းသို့မဟုတ်သေးသိမ်ရန် ဖြစ်တန် စေခြင်း*

*(၂) တရားစီရင်သောမှုခင်းကိစ္စတွင် ဖြောင့်မှန်စွာ ဆောင်ရွက်မှုကိုထိခိုက်စေခြင်း၊ စွက်ဖက်ခြင်းသို့မ ဟုတ် နှောင့်ယှက်ခြင်း*

*ပုဒ်မ ၁၀။        ။ မည်သူမဆို* ***<u>တရားရုံးကို ပြစ်မှုဆိုင်ရာ မထီမဲ့မြင် ပြုမှု</u>*** *ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား* **ခြောက်လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ** *ချမှတ်ရမည်။*

*ပုဒ်မ ၁၁ ။        ။ မည်သူမဆို တရားရုံးကို* ***<u>တရားမဆိုင်ရာ မထီမဲ့မြင် ပြုမှု</u>*** *ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား* ***ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထိုသို့ ငွေဒဏ်ချမှတ်ရုံမျှဖြင့် လုံလောက်မှု မရှိဟု ထင်မြင်ပါက သုံးလထက်မပိုသော တရားမ ထောင်ဒဏ်***ကို *ချမှတ်နိုင်သည်။*

**ရာဇသတ်ကြီးဥပဒေ**

ရာဇသတ်ကြီးပုဒ်မ ၁၂၄ (က) – **( အစိုးရကိုအကြည်ညိုပျက်အောင်ပြုမှု**)။     ။     မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ထင်ရှား သော ပုံဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ ပြည်ထောင်စုအတွက်၊ သို့တည်းမဟုတ်ပြည်ထောင်စုအဖွဲ့ဝင် များအတွက် ဥပဒေအရ တည်ထောင် ထားသော အစိုးရကိုမုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင် သော် လည်းကောင်း  ပြုလျှင် သို့တည်းမဟုတ် မေတ္တာမျက်အောင်လှုံ့ဆော်လျှင်၊ သို့တည်းမဟုတ်ထိုသို့လှုံ့ဆော်ရန် အားထုတ်လျှင်၊ ထိုသူကို **ငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ်နှင့်တကွတစ်သက်တစ်ကျွန်း အောက်လျော့သည့် တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ်နှင့်တကွသုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ် စေ** ချမှတ်ရမည်။

ပုဒ်မ  ၁၅၃(က)။        ။ <u>မည်သူမဆိုနှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊</u> ပြည်ထောင်စုမြန်မာနိုင်ငံတွင်နေထိုင်သူအမျိုးအစား တစ်ခုနှင့်တစ်ခု ရန်ငြိုးစိတ်ထားအောင်သော်၊ မုန်းတီးစိတ်ထားအောင်သော်၊ အားပေးအားမြှောက်ပြုလျှင်၊ သို့ တည်းမဟုတ် ထိုသို့ အားပေးအားမြှောက်ပြုရန် အားထုတ်လျှင်၊ **ထိုသူကိုနှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်နိုင်သည်။

ပုဒ်မ ၂၂၈ ။ ။ ပြည်သူ့ဝန်ထမ်းတစ်ဦးသည်တရားစီရင်ဆောင်ရွက်နေစဉ်၊ **ထိုပြည်သူ့ဝန်ထမ်းကိုမည်သူမဆို တမင်စော်ကားလျှင် သို့တည်းမဟုတ် ဝင်ရောက်နှောင့်ယှက်လျှင်၊ ထိုသူကိုခြောက်လအ ထိအလုပ်မဲ့နှင့် ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ**ချမှတ်ရမည်။

ပုဒ်မ ၄၉၉ ။ ။ မည်သူမဆို နှုတ်ဖြင့် ဖြစ်စေ၊ ဖတ်ရှုစေရန် ကြံရွယ်သည့် စကားဖြင့် ဖြစ်စေ ၊ အမှတ်အသားဖြင့် ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဍာန်ဖြင့် ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာစေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသူနှင့် စပ်လျဉ်းသော စွပ်စွဲခြင်းသည် ထိုသူ၏ အသရေကို နစ်နာစေမည်ဟု သိလျှက်နှင့်သော်လည်းကောင်း၊ ထိုသို့ ယုံကြည်ရန် အကြောင်းရှိလျှက်နှင့်သော်လည်းကောင်း၊ ထိုသူနှင့် စပ်လျဉ်းသော စွပ်စွဲချက်ကို ပြုလျှင် သို့တည်းမဟုတ် ကြေညာလျှင် ထိုသူသည် အောက်ပါ ကင်းလွတ်များမှ တစ်ပါး အဆိုပါသူ၏ အသရေကို ဖျက်သည်မည်၏။

*၁။ သေသူ တစ်စုံတစ်ဦးအား စွပ်စွဲချက်သည် ကျန်ရစ်သူ မိသားစု ၊ ဆွေမျိုးများအား စိတ်နှလုံးထိခိုက်စေရန် ကြံရွယ်လျှင်*

*၂။ ကုမ္ပဏီ ကိုလည်းကောင်း ၊ အသင်းအဖွဲ့ကို လည်းကောင်း လူတစ်စုကို လည်းကောင်း စွပ်စွဲခြင်း*

*၃။ တစ်ခုမဟုတ် လျှင် တစ်ခုဟုတ်ကြောင်း စွပ်စွဲခြင်း ၊ သရော်၍ စွပ်စွဲခြင်း*

*၄။ လူတစ်ယောက်၏ ဂုဏ်သိက္ခာ ၊ အကျင့်စာရိတ္တ၊ ညဏ်ပညာ အရည်အချင်း၊ မျိုးရိုးဇာတ် ၊ အလုပ်အကိုင် နှင့်စပ်လျဉ်းသော ကျင့်ဝတ်၊ စီးပွားရေး ဂုဏ်တို့ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အများယုံကြည်လောက်အောင် ၊ ရှက်ဖွယ်ဖြစ်အောင် စွပ်စွဲပြောဆိုခြင်း။*

ပုဒ်မ ၅၀၀။ ။ မည်သူမဆို ***တခြားသူတစ်ဦး၏ အသရေကို ဖျက်လျှင် ထိုသူကို နှစ်နှစ်အထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ ၊ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ*** ချမှတ်ရမည်။

ပုဒ်မ ၅၀၅ ။ ။ မည်သူမဆို ဖော်ပြချက်ကို ဖြစ်စေ၊ ကောလဟလကိုဖြစ်စေ၊ သတင်းကို ဖြစ်စေပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် ၊ သို့တည်းမဟုတ် ဖြန့်ချီရာတွင် -

(က) ပြည်ထောင်စု အစိုးရ၏ ကြည်း၊ ရေ၊ လေတပ် တစ်ခုခုမှ အရာရှိအား သို့တည်းမဟုတ် တပ်သားအား စစ်ပုန်ကန်ခြင်းကိုသော်၎င်း၊ သက်ဆိုင်ရာ မိမိတာဝန်ဝတ္တရားများကို မလေးစားခြင်းသော်၎င်း၊ ပျက်ကွက်ခြင်းသော်၎င်း၊ ပြုစေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ ပြုစေတန်ရာသည့် အကြောင်းရှိလျှင် ၊ သို့တည်းမဟုတ်

(ခ) နိုင်ငံတော် အစိုးရကိုဖြစ်စေ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ဖြစ်စေ ထိခိုက်စေသည့် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်၎င်း အများပြည်သူ၏ သီးခြားလူစုကိုသော်၎င်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်လေစရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေ တန်ရာသည့် အကြောင်းရှိလျှင် သို့တည်းမဟုတ်

(ဂ) လူအမျိုးအစား အချင်းချင်းကိုဖြစ်စေ ၊ လူမျိုးစု အချင်းချင်းကို ဖြစ်စေ တစ်ဘက်နှင့် တစ်ဘက် ပြစ်မှု ကျူးလွန်အောင် လှုံ့ဆော်ရန် အကြံရှိလျှင် သို့တည်းမဟုတ် အဆိုပါ လှုံ့ဆော်ခြင်းကို ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်

ထိုသူကို ***နှစ် နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုးကို ဖြစ်စေ ၊ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ*** ချမှတ်ရမည်။